ထံဂုၤကီၢ်ဂၤကညီကရၢ

**International Karen Organisation**

Asia Pacific Region European Region US/Canada Region

# NCA (၃)နှစ်ပြည့် ထိပ်သီးဆွေးနွေးပွဲနှင့်ပတ်သက်ပြီး IKO ၏သဘောထားထုတ်ပြန်ချက်

နေ့စွဲ– ၂၁၊၁၀၊၂၀၁၈

၁။ ပြီးခဲ့သော ၂၀၁၈ အောက်တိုဘာလ (၁၅)ရက်နေ့မှစပြီး မြန်မာအစိုးရ၊ ဗမာ့တပ်မတော်နှင့် NCA လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားတော်လှန်ရေးလက်နက်ကိုင်အဖွဲ့အစည်းများတို့၏ ထိပ်သီးခေါင်းဆောင်များ ဆွေးနွေးပွဲကို နေပြည်တော်ရှိ ရွှေစံအိမ် ဟော်တယ်တွင် (၂)ရက်ကြာ ပြုလုပ်ခဲ့ကြောင်း သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ ထိုဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ရလာဒ် များမှာ အများပြည်သူ မျှော်လင့်ထားသလို အားရကျေနပ်ဖွယ်ရာမရှိကြောင်း IKO မှ တွေ့ရှိရသည်။

၂။ ဗမာစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်၏ မိန့်ခွန်းတွင် ၂၀၀၈ ဖွဲ့စည်းပအခြေခံဥပဒေ၊ ဒို့တာဝန်အရေး (၃)ပါး၊ ခွဲမထွက်ရေးနှင့် ဦးစားပေးလုပ်ငန်းအဖြစ် တပ်မတော်တရပ်တည်းသာ ထားရှိရေးတို့ကို အဓိကထား ပြောကြားသွားသည်သာမက ဗမာစစ်တပ်၏ NCA ဆိုင်ရာသဘောထား ရပ်တည်ချက် မူဘောင်များကို ရှည်လျားစွာ မိန့်ခွန်းပြောကြားသွားခဲ့ပြီး ဆွေးနွေးပွဲမှ ထွက်ခွာသွားသည်ကို တွေ့ရသည်။

၃။ နိုင်ငံရေးအရ ခွဲထွက်ရေးနှင့် ခွဲမထွက်ရေးတို့မှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည့်အရာဖြစ်သည်။ လူတဦးအတွက်သော်လည်းကောင်း၊ လူမျိုးတမျိုးအတွက်သော်လည်းကောင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်သည် မွေးရာပါအခွင့်အရေးဖြစ်သည်။ ဗမာစစ်ခေါင်းဆောင် ကာချုပ်မင်းအောင်လှိုင်မှ ခွဲမထွက်ရဟု တောင်းဆိုလိုက်ခြင်းသည် လူမျိုးတမျိုး၏ မွေးရာပါအခွင့်အရေးကို ဟန့်တားပိတ်ပင်ရုံတင်မက တိုင်းရင်းသားများအပေါ် ထာဝရဖိနှိပ်ထားလိုသည့်သဘောဟု IKO မှ ယူဆသည်။ အကယ်စင်စစ် အသစ်ဖြစ်ပေါ်လာမည့် အနာဂါတ်ဖယ်ဒရယ်ပြည်ထောင်စုတွင် တန်းတူမှု၊ တရားမျှတမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များ ရှိပါက မည်သည့်တိုင်းရင်းသားများမှ ခွဲထွက်လိုစိတ် ရှိမည်မဟုတ်ပါ။

၄။ ဗမာတပ်မတော်သည် ပြည်တွင်းစစ်ကာလတလျှောက်လုံး လူ့အခွင့်အရေးချိုးဖေါက်ခြင်းနှင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့ရာ ယနေ့ကာလတွင် ဖုံးမနိုင်ဖိမရ အခြေအနေသို့ ရောက်ရှိကာ နိုင်ငံတကာမှ ဗမာ့တပ်မတော်အတွင်းရှိ စစ်ရာဇဝတ်ကောင်များကို ICC နိုင်ငံတကာစစ်ရာဇဝတ်ခုံရုံးသို့ တင်ပို့တရားစွဲဆိုရန် ဆောင်ရွက်နေရသည်။ ထို့ကြောင့် နိုင်ငံတကာ စံနှုန်းနှင့်အညီ မရှိသော ဗမာ့တပ်မတော်အတွင်း တခုတည်းသောတပ်မတော်အဖြစ် ပါဝင်ပေါင်းစည်းရေးအတွက် တောင်းဆိုခြင်းမှာ ပကတိအခြေအနေနှင့် သဟဇာတ မဖြစ်ဟု IKO မှ ယူဆသည်။

၅။ ထိုဆွေးနွေးပွဲတွင် NCA လက်မှတ်ထိုးပြီးသော တိုင်းရင်းသားတော်လှန်ရေး လက်နက်ကိုင် (၁၀)ဖွဲ့မှ တပ်မတော်တရပ်တည်း ထားရှိရေးကို သဘောတူကြောင်း သတင်းများအရသိရသည်။ သို့သော် သတင်းထွက်ပေါ်လာပြီးနောက် KNLA စစ်ဦးစီးချုပ်နှင့် ဒု–စစ်ဦးစီးချုပ်တို့၏ သဘောအမြင်များပေါ်ထွက်လာခြင်းကို ကြည့်ခြင်းအားဖြင့် KNU ထိပ်သီးဟုဆိုသူများသည် မိမိအဖွဲ့အစည်းအတွင်း တိုင်ပင်ဆွေးနွေးမှုများမရှိခဲ့ကြောင်း သိသာထင်ရှားသည်ဟု IKO မှ သုံးသပ်သည်။

၆။ ထို့ကြောင့် လက်ရှိပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ဗမာ့တပ်မတော်အနေနှင့် အထက်ဖေါ်ပြပါ ရပ်တည်ချက်ကို အသေကိုင်စွဲကာ ခေါင်းမာနေသမျှကာလပတ်လုံး ရေရှည်မည့်သဘောရှိသလို အနာဂါတ်မရေရာသည့် သဘောလည်းရှိနေသည်။ သို့ဖြစ်သောကြောင့် အဖိနှိပ်ခံတိုင်းရင်းသား ပြည်သူတရပ်လုံးမှ ပြည်တွင်းငြိမ်းချမ်းရေး အမြန်ရရှိရေးနှင့် စစ်အာဏာရှင်စနစ် ပြုတ်ကျသွားရေးအတွက် ဗမာ့တပ်မတော်မှ စစ်ရာဇဝတ်ကျူးလွန်ရာတွင် အဓိကတာဝန်ရှိသူများကို ICC သို့ အမြန်ဆုံး တင်ပို့နိုင်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီကြရန် IKO မှ တိုက်တွန်းပါသည်။

အလုပ်အမှုဆောင်ကော်မတီ
(IKO) နိုင်ငံတကာကရင်အဖွဲ့အစည်း

**ဆက်သွယ်ရန်...**

- Mahn Orlando (Karen & Burmese) +61 470 117 004
- Naw Htoo Ku Hsar Say (English & Karen) +44 743 854 5891
- Naw Myra Dah Gay Paw (English & Karen) +1 718 207 255